V. အဖွင့်သဘောကြားနာခြင်း

တရားဝင် ကျေအေးညှိနိုင်း မှုမဖြစ်ခဲ့လျှင် တိုင်ကြားသူမှ ၎င်း၏ ခိုင်လုံသော သက်သေထွက်ဆိုခြင်းကို အထောက်အထား အမြောက်အမြား ပြနိုင်ခြင်း သည် ဥပဒေကြောင်း အရစီစစ်၍ လုံလောက်သည့် အထောက်အထား တင်ပြနိုင်ပါက တရားဝင် အဖွင့်သဘောကြားနာခြင်း ကိုချိန်းဆိုမည်။ အဖွင့်သဘော ကြားနာစစ်ဆေးရာတွင်ကြားနာစစ်ဆေးသူအရာရှိမှအမှုစစ်ဆေးခြင်းနှင့် ထောက်ခံပေးသော အချက်အလက် တွေ့ရှိခြင်းများ၊ နှင့် တရားဥပဒေ ၏ ကောက်ချက်များ၊ နှင့် အပြီးသတ် အမိန့်ညွှန်ကြားချက် များကို ထုတ်ပြန်ပေးနိုင်သည်။ အသိပေး အကြောင်းကြားချက် ရရှိပြီး (10) ရက်အတွင်း အယူခံမဝင်ပါက ထပ်မံကြားနာမှု မပြုလုပ်ဘဲ အပြီးသတ် အမိန့်ညွှန်ကြားချက်၊ ထောက်ခံပေးသော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ကော်မရှင် အနေနှင့် ရွေးချယ်ပေးနိုင်သည်။

VI. အပြီးသတ် အမိန့်ညွှန်ကြားချက်

ကော်မရှင်၏ အပြီးသတ်အမိန့်ညွှန်ကြားချက်သည် ပဋိညာဉ် ဖြစ်သည်။ နှစ်ဖက်စလုံးမှမည်သူမဆိုတရားမမှုတရားရုံး၌တရားရေးကြောင်းအရ ပြန်လည်စမ်းစစ်ခြင်းကို ခံယူနိုင်သည်။

VII. ပြုပြင်ခြင်းများ

ခွဲခြား ဆက်ဆံမှုဖြစ်ပွားကြောင်း ကော်မရှင်အနေနှင့် တွေ့ရှိပါက

မတရားမှုကိုရပ်၍ ထပ်မလုပ်ရန် အမိန့်၊ အလုပ်ပြန်ခန့်ထားရန်၊ အိမ်ဆောက်ရန် သို့မဟုတ် အိမ်ခန်းရရှိနိုင်ခြင်း၊ ကျအေးငွေ ၊ မတက်မနေရ မတူကွဲပြား သင်တန်း နှင့် တခြားလူနည်းစုဦးစားပေးရေး အရေးယူဆောင်ရွက်မှု တို့ပါဝင်နိုင်သည့် ခွဲခြားဆက်ဆံမှု အကျိုးဆက် ပပျောက်ရန် အပြီးသတ် ညွှန်ကြားချက်ကို ထုတ်ပေးမည်။

တရားပြိုင်၏အခွင့်အရေးနှင့်တာဝန်များ

သင့်မှာအခွင့်အရေးရှိတယ်

- တိုင်ကြားမှုအတွက်ရှင်းလင်းပြီးရှေ့နောက်ညီသည့်စာဖြင့်ရေးသားထားသော တုံ့ပြန်သည့် ထုတ်ပြန်ချက် ပေးရန်။
- အမှုအခြေအနေနှင့် ၎င်းကိုမည်သူ ကိုင်တွဲဖြေရှင်းနေသည်ကိုသိရှိရန်။
- ကြားနာမှုတိုင်းနှင့်အပြီးသတ်အရေးယူဆောင်ရွက်မှုတို့၏အကြောင်းကြားစာကိုလက်ခံရရှိရန်။
- ဆုံးဖြတ်ချက်ကြားနာသည့်အချိန်တွင်းမှလွဲ၍ဖြစ်စဉ်၏အဆင့်တိုင်းတွင် ရှေ့နေရှိနေရန်(ငှားထားရန်)လိုအပ်သည်။
- ထိုက်သင့်သည့် အကြောင်း ဆုံးဖြတ်ချက်ချပြီးနှင့်မည်သည့်အမှုမစမီ ညှိနိုင်းမှု သို့မဟုတ် ကျေအေးမှု ရရှိရန်။

သင့်မှာတာဝန်ရှိသည်

- တိုင်ကြားမှုကို လက်ခံရရှိပြီး ရက် (20) အတွင်းနှင့် အိမ်ရာချထားမှု အတွက် (10) ရက် အတွင်း စာဖြင့်ဖြေကြားပေးရန်။
- စုံစမ်းစစ်ဆေးသူမှတောင်းဆိုလာပါက သင့်တော်သည့် အကြောင်းအရာ အချက်အလက် သို့မဟုတ် စာရွက်စာတမ်းများ အား လုံးကို ပေးအပ် ၍ ရှင်းပြရန်။
- ကော်မရှင်၏ စုံစမ်းစစ်ဆေးမှု များကို အဖြေပေးရန်။ အဖြစ်နိုင်ဆုံး အလွယ်တကူနှင့် အကြိမ်ကြိမ်မဖြစ်စေရပါ။
- တိုင်ကြားသူ သို့မဟုတ် ကော်မရှင်မှ ကျေအေး မှု တောင်းဆိုမှု အားလုံးတိုင်းကို စဉ်းစားပေးရန်။

တိုင်ကြားသူ၏အခွင့်အရေးနှင့်တာဝန်များ

သင့်မှာအခွင့်အရေးရှိတယ်

- အမှုအခြေအနေ နှင့် ၎င်းကိုမည်သူ ကိုင်တွဲဖြေရှင်း နေသည်ကို သိရှိရန်။
- ကြားနာမှုတိုင်းနှင့်အပြီးသတ်အရေးယူဆောင်ရွက်မှုတို့၏အကြောင်း
- ကြားစာကိုလက်ခံရရှိရန်။ဆုံးဖြတ်ချက်ကြားနာသည့်အချိန်တွင်းမှလွဲ၍ဖြစ်စဉ်၏အဆင့်တိုင်းတွင် ရှေ့နေရှိနေရန် (ငှားထားရန်) လိုအပ်သည်။ စိတ်သောကရောက်စေခြင်း၊ခြိမ်းခြောက်ခံရခြင်းသို့မဟုတ်တန်ပြန်တုံ့ပြန်ခံရခြင်းမရှိစေဘဲ တိုင်ကြားမှုကို ဆက်သွယ်ဆောင်၍ အဆိုပြုတင်ပြရန်။
- ခွဲခြားဆက်ဆံမှုကို တွေ့ရှိပါက ပြုပြင်ပေးသည့် ဖြေရှင်းမှုအပြည့် အစုံကို ရရှိရန်။
- “ထိုက်သင့်သည့်အကြောင်း”မရှိဟူသောဆုံးဖြတ်ချက်ကို အယူခံဝင်ရန်။

သင့်မှာတာဝန်ရှိသည်

· အချက်အလက်များ၏ မှန်ကန်သော ထုတ်ပြန်မှုကိုတင်ပြရန်။

· စုံစမ်းစစ်ဆေးသူမှတောင်းဆိုလာပါက သင့်တော်သည့် အကြောင်းအရာ အချက်အလက်သို့မဟုတ်စာရွက်စာတမ်းများအား လုံးကို ပေးအပ် ၍ ရှင်းပြရန်။၎င်းတွင်သက်သေများ၏အမည်များနှင့်ဆက်သွယ်ရမည့်အချက်အလက်များပါဝင်သည်။

· ကော်မရှင်၏ စုံစမ်းစစ်ဆေးမှု များကို အဖြေပေးရန်။ အကယ်၍ အဖြေမပေးပါက သင်၏တိုင်ကြားမှုကို ပလပ်နိုင်သည်။

· တွေ့ဆုံ မှု၊ ကြားနာမှု သို့မဟုတ် အချက်အလက်ရှာဖွေမှု အားလုံး၏ အစည်းအဝေးပွဲများ အတွက် သင့်ကို အကြောင်းကြား လာပါက တက်ရောက်ရန်။

· ဖြစ်နိုင်ပါက၊ သင့်အချိန်ဇယားနှင့် ကိုက်ညီရန် အတတ်နိုင်ဆုံး ကျွန်ုပ်တို့ ကြိုးစားပေးမည်။

· ကျွန်ုပ်တို့နှင့်အဆက်အသွယ် မပြတ်စေဘဲသင့်အမှုကိုစောင့်ကြည့်ရန်။

· လိပ်စာသို့မဟုတ်ဖုန်းနံပတ်အပြောင်းအလဲတစုံတရာရှိပါကကော်မရှင်ကို အကြောင်းကြားရန်။

CITY OF FORT WAYNE
METRO
METROPOLITAN HUMAN RELATIONS COMMISSION

EQUAL HOUSING OPPORTUNITY

**Metropolitan Human Relations Commission**
မြို့တော်၏လူသားဆက်ဆံရေးကော်မရှင်
2310 Parnell Avenue
Fort Wayne, IN 46805
Phone: (260) 427-1146
Fax: (260) 427-1126
Web: fortwaynemetro.org
Facebook: @fwmetro

# တိုင်ကြားမှုဖြစ်စဉ်








## တိုင်ကြားသူများနှင့် တရားပြိုင်များအတွက် လမ်းညွှန်

မြို့တော်၏လူသားဆက်ဆံရေးကော်မရှင်

ဖို့ဝင်းမြို့၏ အထွေထွေစည်းပင်သာယာရေး ဥပဒေမှ လူတဦး၏ လူမျိုး၊ အသား အရောင် ၊လိင်၊အသက်အရွယ်၊ မူရင်းနိုင်ငံသား၊ ဘာသာယုံကြည်မှု၊မျိုးရိုး၊ကိုယ်ဝန်ဆောင်မှု၊လက်စားချေလိုခြင်းမွေးဖွားရာအရပ်၊ ၊မသန်စွမ်းမှု၊ လိင်ပိုင်းဆိုင်ရာဦးတည်မှုသို့မဟုတ် မိသားစုအခြေအနေ(အိမ်ရာ) ချထားရေး ၌ မိသားစုအခြေအနေသည်အကာအကွယ်ပေးသော “လူတန်းစား”အဆင့်သတ်မှတ်သည်။၎င်းတို့အပေါ်တွင်အခြေခံပြီးအလုပ်အကိုင်၊ အိမ်ရာချထားခြင်း၊ ပညာရေး သို့မဟုတ် အများပြည်သူနေရာထိုင်ခင်း စသည့်ကဏ္ဍများတွင် ခွဲခြား ဆက်ဆံခြင်း ကို ဥပဒေနှင့်မညီဟုသတ်မှတ်သည်။ဖို့ဝင်းမြို့တော်လူမှုဆက်ဆံရေး ကော်မရှင် (Metro) ၏ ရည်ရွယ်ချက်မှာ ခွဲခြားဆ က်ဆံရေး ကိုပညာပေးရန်၊ စုံစမ်းစစ်ဆေးရန်နှင့် ပပျောက်အောင် ပြုလုပ်ရန် ရည်ရွယ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဖို့ဝင်းမြို့နေ နိုင်ငံသားအားလုံး တန်းတူညီမျှ သောအကာအကွယ်ပေးမှုနှင့် နိုင်ငံသား ၏ အားလုံးသော အခွင့်အလမ်းများနှင့် ရထိုက်သော အခွင့်ထူးများ အပြည့် အ၀ ရရှိစေမည်။

## I. တိုင်ကြားမှုကိုအဆိုပြုခြင်း

ဘယ်သူ - အထွေထွေ စည်ပင်သာယာရေး ဥပဒေ G-1-78 ကိုဆန့်ကျင်၍ ခွဲခြားဆက်ဆံသည့်လုပ်ရပ် သို့မဟုတ် ကျင့်သုံးမှုကြောင့် တစုံအဦးအား ထိခိုက်နစ်နာစေသည်ဟု တောင်းဆိုပြီး ထိုကဲ့ သို့သော လုပ်ရပ် သို့မဟုတ် ကျင့်သုံးမှု သည် ဖို့ဝင်း မြို့နယ်မြေအကန့် အသတ်စည်းမျဉ်း အတွင်း ဖြစ်ပွား ခဲ့ ပြီးပါက အဆိုပြု တိုင်ကြားရန် မိမိကိုယ်တိုင်သို့မဟုတ် လူတစုအား သို့မဟုတ် တစုံတဦး အတွက် ၎င်းမှ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက် နိုင်သည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူ မှတဆင့်အရွယ်မရောက်သေးသူ အတွက် အဆိုပြုတိုင်ကြားနိုင်သည်။ မြို့၏နယ်မြေအကန့်အသတ် ပြင်ပရှိ တိုင်ကြားမှုများ ကိုလည်းMetro ၌အဆိုပြု တင်ပြစေနိုင်ပြီး သင့်တော်သည့် ပြည်နယ် သို့မဟုတ် ဖက်ဒရယ်(ဗဟို) အစိုးရ အေဂျင်စီ ကိုတဆင့်ပို့ပေးမည်။

ခွဲခြားဆက်ဆက်ဆံမှု တိုင်တန်းချက်ကို အောက်ပါကဏ္ဍများ တွင် အဆိုပြုနိုင်သည်၊

- အလုပ်အကိုင်
- အိမ်ရာချထားခြင်း
- ပညာရေး
- အများပြည်သူ့နေရာထိုင်ခင်း(ဝန်ဆောင်ပေးသည့်နေရာ)

ဘယ်အချိန် - ခွဲခြား ဆက်ဆံမှုလုပ်ရပ် သို့မဟုတ် ကျင့်သုံးမှု စွပ်စွဲချက် အတွက် တိုင်ကြားမှုကိုအဆိုပြုရာတွင် ရက်(300) အတွင်း ပြုလုပ်နိုင်သည်။ သို့သော်ရက်ပေါင်း တရာ့ရှစ်ဆယ် (၁၈၀) ထက်ကျော်ပါက ၎င်းကို ဒေသဆိုင်ရာ တူညီသော အလုပ်အကိုင် အခွင့်အရေး ကော်မရှင် ရုံး (EEOC) သို့ပို့ပေးမည်။ ၎င်းမှထိုတိုင်ကြားမှုကို လက်ခံအရေးယူ ဆောင်ရွက်လိမ့်မည်။ Metro ၌ အိမ်ရာနေရာချထားခြင်း တိုင်ကြားမှုကို(1) နှစ်အတွင်းတိုင်ကြားနိုင်သည်။ တိုင်ကြားမှု (1) ခုသည် တရားစွဲဆိုမှု (1) ခုမဟုတ်ပါ။

ဘယ်နေရာ - Metro ရုံးခန်း၏တည်နေရာမှာ 2310 Parnell Avenue၊ Fort Wayne၊ Indiana 46805 ဖြစ်သည်။ အချိန်များမှာ တနင်္လာ နှင့် အင်္ဂါနေ့များ၌နံနက် 7:30 မှ ညနေ 4:30 အထိ နှင့် သောကြာနေ့ မှာတော့ နံနက် 8:00 မှ မွန်းတည့် 12:00 အထိ ဖြစ်သည်။

ဘယ်လို-Metro---၌တိုင်ကြားမှုအဆိုပြုလွှာကိုလူကိုယ်တိုင်ဖြစ်စေစာ တိုက်မှဖြစ်စေပေးပို့နိုင်သည်။တိုင်ကြားမှုအတွက်အဆိုပြုလွှာမူကြမ်းရေးခြင်းနှင့် တင်သွင်းခြင်း အတွက်လိုအပ်တဲ့ အကူအညီများ ကိုကော်မရှင် ဝန်ထမ်းများက ပေးအပ်နိုင်ပါသည်။ Metro စည်းမျဉ်းစည်းကမ်း အရပေးအပ်သည်မှ လွဲ၍ပုံမှန်အားဖြင့်ကော်မရှင်နှင့်၎င်း၏ဝန်းထမ်းများကတိုင်တန်းချက်များကိုမစတင်ပါ။ တိုင်ကြားချက် အားလုံးကို Metro မှလက်မခံမီ အချိန်မီတင်သွင်း၍ အနည်းဆုံး ဥပဒေ စံသတ်မှတ်ချက်များပြည့်မီရမည်။

## II. စုံစမ်းစစ်ဆေးမှု

တဘက်ဆီမှ ရရှိနိုင်သော ဆီလျော်သည့် အချက်အလက် အားလုံးကို စုံစမ်းစစ်ဆေးသူမှစုစည်း၍အကျဉ်းချုံးပြုစုမည်။၎င်းတွင်အထောက်အထား စာရွက်စာတမ်းများနှင့်သက်သေထွက်ဆိုချက်စသည့်တောင်းခံမှုများပါဝင်သည်။တိုင်ကြားချက်ကိုကြိုးစားအဖြေရှာရန်နှင့်ပြဿနာများကိုတိုင်ကြားသူနှင့်တိုင်ကြားခံရသူအကြား ဆွေးနွေးနိုင်ရန်တို့အတွက်“အချက်အလက်ရှာဖွေရေး”စည်းဝေးပွဲတရပ်ကိုကော်မရှင်မှကျင်းပပေးနိုင်သည်။အချက်အလက်ရှာဖွေရေးသည်ကြားနာမှုတခုမဟုတ်ပါ။တဘက်ဆီမှရှေ့နေများစုံစမ်းမှုတွင်ပါဝင်နိုင်ရန်ကြိုဆိုပါသည်။သို့သော်ရှေ့နေမလိုအပ်ပါ။




## III. ဆုံးဖြတ်ချက်ကြားနာခြင်း

စုံစမ်းစစ်ဆေးမှုပြီးဆုံးပြီးနောက်ဆက်တွဲအဖြစ် အဖွဲ့များမှ ကျေအေး သဘောတူညီမှု တစုံတရာမရရှိခဲ့လျှင်၊အမှုဆောင်ဒါရိုက်တာ၊ဝန်ထမ်းရှေ့နေနှင့်ကော်မရှင်နာမဟာမင်းကြီး တို့မှကြားနာမှုတရပ် ပြုလုပ်ပြီး (တရားရင်ဆိုင် သည့်အဖွဲ့များမတက်ရောက်ဘဲ) (သက်သေထင်ရှားသည့်အတွက်နောက်ထပ်အရေးယူဆောင်ရွက်ရန်လိုမလိုကိုဆုံးဖြတ် ပေးနိုင်ရန်ဖြစ်သည်။အကယ်၍လိုအပ်မယ်ဆိုရင်တော့“ထိုက်သင့်သောအကြောင်း”တွေ့ရှိချက်ကိုထုတ်ပြန်မည်။အကယ်၍တိုင်ကြားမှုနှင့်ပတ်သတ်ပြီးနောက်ထပ်အရေးယူဆောင်ရွက်ရန်မလိုပါက၊“ထိုက်သင့်သောအကြောင်းမရှိကြောင်း”တွေ့ရှိချက်ကိုထုတ်ပြန်ပြီးတိုင်ကြားမှုကိုပလပ်မည်။ “ထိုက်သင့်သည့်အကြောင်းမရှိကြောင်း” ဆုံးဖြတ်ချက် အကြောင်းကြားခြင်းလက်ခံရရှိပြီး10ရက်အတွင်းအယူခံဝင်ရန်ရည်ရွယ်ချက်ဖြင့်ကော်မရှင်သို့စာရေးအကြောင်းကြားခြင်းဖြင့် တိုင်ကြားသူများမှ “ထိုက်သင့်သည့် အကြောင်းမရှိ” ဆုံး ဖြတ် ချက်ကို အယူခံဝင်နိုင်သည်။

## IV. တရားဝင် ကျေအေးညှိနိုင်းမှု

“ထိုက် သင့်သည့်အကြောင်း”တွေ့ရှိခြင်းအပေါ်တွင် တိုင်ကြားမှုအတွက်ညှိ

နိုင်းအဖြေရှာရန် တရားဝင်အားထုတ် မှုပြုလုပ်မည်။ ကျေအေးမှုရပါက ပတ်သတ်သူများအားလုံးလက်မှတ်ရေးထိုးနိုင်ရန်စာဖြင့်ရေးသားထား သော

ကျေအေးသဘောတူညီမှု တခုကိုထုတ်ပေးမည်။ ဘယ်သဘောတူ ညီမှုကိုမဆို ကော်မရှင်၏ ထောက်ခံခွင့်ပြုမှုရှိရမည်။ အကယ်၍လက်ခံ သဘောတူပါက ကျေအေးသဘောတူညီ မှုသည် အပြီးသတ်ညွှန်ကြားချက် ကဲ့သို့ အလားတူသက်ရောက်မှုရှိသည်။